မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
January 9 , 2026 Volume 98, Number 5

| ၉.၁.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၅.၁၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၇၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၉၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပိဿာ ကျပ် ၅ သိန်းကျော်ရှိ နံ့သာဖြူများ လက်မှုပုံစံမျိုးစုံဖြင့် အရောင်းသွက်နေ




ပြည်တွင်းဈေးကွက်အတွင်း အရည်အသွေး၊ အရွယ်အစားပေါ် မူတည်ပြီး တစ်ပိဿာ ကျပ် ၅ သိန်းမှ ၇ သိန်း ကျော်တန်ဖိုးရှိ ဆေးဖက်ဝင် နံ့သာဖြူများကို လက်မှုပုံစံမျိုးစုံ ဖန်တီးရောင်းချမှုများရှိနေပြီး အရောင်းသွက်နေကြောင်း နိဗ္ဗာန်ကုန်နှင့် လက်မှုထည်လုပ်ငန်းရှင်များနှင့် နံ့သာဖြူ စိုက်ပျိုးရေးလုပ်ကိုင်သူများက ပြောပါတယ်။

နံ့သာဖြူအနှစ်သားကို အသုံးပြုပြီး စိပ်ပုတီးမျိုးစုံ၊ လက်ဟန်အမျိုးမျိုးဖြင့် ထုလုပ်ပူဇော်ထားသော ဗုဒ္ဓဆင်းတုတော်များ၊ လက်ပတ်၊ ယပ်တောင်များ၊ ဆံထိုး၊ အထူးထုတ် နံ့သာတိုင်များ စသဖြင့် ပုံစံအမျိုးမျိုးဖြင့် ဈေးကွက်အတွင်း ရောင်းအားကောင်းနေခြင်းဖြစ်ကြောင်းသိရပါတယ်။

ဒါ့ပြင် နံ့သာဖြူအသုံးပြုထားသည့် အမွှေးတိုင်၊ အလှကုန်၊ ဆပ်ပြာစသဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များလည်း ရောင်းအားကောင်းနေတယ်လို့ ဆိုပါတယ်။

“အခုက ရန့်ကြိုက်ကြလို့ပေါ့။ ရန့်သင်းပျံ့တဲ့အပြင် ကံကောင်း၊ လာဘ်ကောင်း လက်မှုပစ္စည်းတွေကလည်း ဆန်းသစ်တော့ လူကြိုက်များသွားတဲ့သဘောပါ။ လက်ပတ်တွေဆို ၁၈ လုံး၊ ၂၀ လုံး တကယ် အရည်အသွေးပြည့် နံ့သာဖြူအနှစ်သားနဲ့ လုပ်ပေးထားတာ။ ပြည်တွင်းရော၊ ပြည်ပကပါ အော်ဒါအမှာတွေများတယ်။ ဆိုင်ကတော့ အသင့်အတင့်ပေါ့၊ အွန်လိုင်းက အမှာတွေနဲ့ ပိုရောင်းရတာပါ။ ပုတီးနဲ့ဆင်းတုတော်တွေ အော်ဒါပိုရောင်းရတယ်”လို့ ရန်ကုန်အခြေ စိုက် လက်မှုထည်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ဈေးနှုန်းများမှာလည်း ဉာဏ်တော် ၇ လက်မ ဘုရားဆင်းတုတော် တစ်ဆူလျှင် ကျပ် ၉ သိန်းခွဲ၊ ၁ ဒသမ ၈ လက်မ ဆင်းတုတော်တစ်ဆူလျှင် ကျပ် ၁ သိန်းဝန်းကျင်၊

ဉာဏ်တော် ၁ ဒသမ ၅ လက်မ ဆင်းတု တစ်ဆူလျှင် ကျပ် ၇၀,၀၀၀၊ အရှည် ၉ လက်မ နံ့သာဖြူ ယပ်တောင်တစ်ချောင်း ကျပ် ၂ သိန်းဝန်းကျင်၊ ၁၈ လုံးပါ လက်ပတ် တစ်ခုလျှင် ကျပ် ၆၉,၀၀၀ စသဖြင့် လက်ရာ၊ အရည်အသွေး၊ ဆိုင်ပေါ် မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိပါတယ်။

နံ့သာဖြူအနှစ်သားများကိုလည်း  တစ်ကျပ်သားမှစ၍ ရောင်းချမှုများရှိနေပြီး ဈေးနှုန်းမှာ တစ်ကျပ်သား ကျပ် ၅,၀၀၀ မှ ၇,၅၀၀ ကျပ်အထိ ပေါက်ဈေးရှိပြီး နေရာဒေသနှင့် အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိပါတယ်။

နံ့သာဖြူအနှစ်တုံးကို သွေးလိမ်းလျှင် ရနံ့သင်းပျံ့သည့်အပြင် အသားအရေကို အေးမြစေပြီး ဝက်ခြံနှင့် ဓာတ်မတည့်ခြင်းများ သက်သာစေသည့်အတွက် တစ်ကျပ်သားအတုံးများမှာလည်း ရောင်းအားကောင်းနေကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဖိလစ်ပိုင်မှ ဆန်ဝယ်မည့်အစီအစဉ်ကြောင့် မြန်မာ့ဆန်ဈေးတက်



ဖိလစ်ပိုင်နိုင်ငံမှ ယခုနှစ် ဆန်ဂယ်မည့်အစီစဉ်ကြောင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာဆန်ဈေး အနည်းငယ်မြင့်တက်လာသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာတွင် နိုင်ငံတကာဈေးကွက်၌ မြန်မာဆန်ဖြူ ၅ မှတ် (အကျိုးအကြေ ၅ ရာခိုင်နှုန်း)သည် တစ်တန် ပြည်ပရောင်းချသည့် FOB( free on board) ဈေး အမေရိကန်ဒေါ်လာ၃၃၇ဈေးဖွင့်သည်။

အဆိုပါဈေးနှုန်းသည် မြန်မာနိုင်ငံ၏ မိုးစပါးပေါ်ချိန် အောက်တိုဘာလနှင့်နှိုင်းယှဉ်လျှင် ဆန်တစ်တန်၏ တန်ဖိုး ၃ ရာခိုင်နှုန်းဂန်းကျင်မြင့်တက်ခဲ့သည်။ အောက်တိုဘာတွင် မြန်မာ့ဆန်ဖြူ ၅ မှတ် တစ်တန်ဒေါ်လာ ၃၂၆ ဂန်းကျင် ဈေးဖွင့်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းကျော် ဂယ်ယူခဲ့သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန် တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံက အများဆုံး ဆန်ဂယ်ယူသည့်နိုင်ငံဖြစ်သည်။

ပြည်ပသို့ ဆန် တင်ပို့ရာ တွင် တရုတ်နိုင်ငံက ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းကျော်အထိ ရယူထားသဖြင့် နှစ်သစ်ကူးကာလ တရုတ်မှဆန်လိုင်စင်များချထားပေးမှု နှောင့်နှေးမှုကြောင့် ပြည်တွင်းဆန်ဈေး၊ စပါးဈေး ထပ်မံကျမည်ကို စိုးရိမ်စရာဖြစ်သော်လည်းဖိလစ်ပိုင်နှင့်ဥရောပနိုင်ငံများ၏ဆန်အဂယ်များကပြည်တွင်းဆန်ဈေးအကျသက်သာစေခဲ့သည်။

သို့သော် ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံများက အာရှမှဆန်တင်သွင်းမှု ကန့်သတ်ရန် စဉ်းစားနေသည်ဟု နိုင်ငံတကာ သတင်းအချို့တွင်ဖော်ပြကြသည်။ ဥရောပနိုင်ငံများမှ (၆ ဒသမ၂mm) အထက်အသွယ် ပေါင်းဆန်နှင့် ဆန်ဖြူ ၅ ရာခိုင်နှုန်း ကို ဇန်နဝါရီတွင် စတင်တင်ပို့ရန် စာချုပ်ချုပ်ဆိုထားကြောင်း မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက ပြီးခဲ့သည့် နှစ်ဒီဇင်ဘာလတွင်အသိပေးထားသည်။

၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီမှ နိုဝင်ဘာအထိ (၈) လတွင်း မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၇,၀၀၀ ကျော် တင်ပို့ထားပြီးပြည်ဆန်တင်ပို့မှုစုစုပေါင်း၏၁၇ရာခိုင်နှုန်းရှိနေသည်။

မြန်မာနိုင်ငံ သည်  ပြည်ပသို့ နှစ်စဉ်ဆန်နှင့် ဆန်ကွဲ တန်ချိန် ၃ သန်းဂန်းကျင် တင်ပို့နေသည်။

**Source :** https://npnewsmm.com/

## ဆောင်းပြောင်းဖူးများ ဈေးကောင်းရနေ

ဧေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ ထိန်ပင်ကျေးရွာ ပြောင်းဖူးစိုက်တောင်သူတွေဟာ ဆောင်းရာသီမှာ ထွက်ရှိတဲ့ ပြောင်းဖူးတွေ ဈေးကောင်းရရှိနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။



အဲဒီကျေးရွာတွေမှာ ပြောင်းဖူးကို မိုးကာလမှာ အစိုက်များကြပြီး ဆောင်းရာသီမှာတော့ ပြောင်းဖူးကို ရေသွင်းစိုက်ရတဲ့အတွက် စိုက်ပျိုးသူနည်းပါးတယ်လို့ သိရပါတယ်။

ပြောင်းဖူးစိုက်ပျိုးရာမှာ တစ်ဧကကို ကျပ်ဆယ်သိန်းလောက်ကုန်ကျပြီး စိုက်ပျိုးစရိတ်တွေနဲ့ပတ်သက်လို့ ပြောင်းဖူးစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

ပြောင်းဖူးတစ်ဧကစိုက်ရင် ရောင်းတန်းဝင်ပြောင်းဖူးရှစ်ထောင်နဲ့တစ်သောင်းကြား ထွက်ရှိတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ နှစ်က ပြောင်းဖူးတစ်ဖူးကို ကျပ်သုံးရာငါးဆယ်ဈေးသာရှိပြီး အခုနှစ်မှာတော့ တစ်ဖူးကို ငါးရာလောက် ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## နှမ်းမျိုးစုံ ဈေးကွက်အခြေအနေ

၂၀၂၆ ခုနှစ်၊ နှစ်ဦးပိုင်း ဇန်နဝါရီလပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ နှမ်းမျိုးစုံအရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးနှုန်းမြင့်တက်လာပြီး အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

နှမ်းနက်(စမုန်)၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၆၆၅,၀၀၀ မှ ၇၃၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၆၀,၀၀၀မှ ၇၁၅,၀၀၀၊ ယခင်လ ကျပ် ၆၈၀,၀၀၀ မှ ၇၅၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၁၅,၀၀၀ ခန့် ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၁၅,၀၀၀ မှ ၂၀,၀၀၀ ခန့် ဈေးနိမ့်လာသည်။

နှမ်းဖြူ(ဂျပန်) ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၀၀,၀၀၀ မှ ၃၀၅,၀၀၀၊ ယခင်တစ်ပတ်နှင့် ယခင်လ ကျပ် ၂၈၅,၀၀၀ မှ ၂၉၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ၁၅,၀၀၀ ကျပ် ခန့် ဈေးမြင့်လာသည်။

နှမ်းဖြူ(ဗမာ) ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၀,၀၀၀မှ ၃၀၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၅,၀၀၀ မှ ၂၇၀,၀၀၀၊ ယခင်လ ကျပ် ၂၆၅,၀၀၀မှ ၂၇၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ကျပ် ၁၅,၀၀၀ မှ ၃၀,၀၀၀ ခန့် ဈေးမြင့်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၅,၀၀၀မှ ၃၁၀,၀၀၀၊ ယခင် တစ်ပတ် ကျပ် ၂၆၅,၀၀၀မှ ၂၈၀,၀၀၀၊ ယခင်လ ကျပ် ၂၆၀,၀၀၀မှ ၂၇၅,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ မှ ၃၀,၀၀၀ ခန့်၊ ယခင်လထက် ကျပ် ၁၅,၀၀၀ မှ ၃၅,၀၀၀ ခန့် ဈေးမြင့်လာသည်။

**Source :** https://myantrade.gov.mm/

## ဂျပန်အစိုးရအနေဖြင့် ဆိုက်ဘာလုံခြုံရေးမဟာဗျူဟာအသစ်ကို ချမှတ်သွားမည်

ဂျပန်အစိုးရအဖွဲ့အနေဖြင့် လာမည့် ၅ နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ဆိုက်ဘာလုံခြုံရေး မဟာဗျူဟာအသစ်ကို ၂၃-၁၂-၂၀၂၅ ရက်နေ့တွင် အတည်ပြုခဲ့ကြောင်း ၂၃-၁၂-၂၀၂၅ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် "Japanese government adopts new cybersecurity strategy" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံအစိုးရများမှ ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် ဆိုက်ဘာတိုက်ခိုက်မှုများသည် ကြီးမားသည့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလာမည်ဆိုပါက ပိုမိုပြင်းထန်သည့် ခြိမ်းခြောက်မှုများဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသည့်အချိန်၌ပင် ဆိုက်ဘာအာကာသအတွင်း ဆက်သွယ်ဆောင်ရွက်မှု များကို စောင့်ကြည့် လေ့လာ ခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဆိုက်ဘာကာကွယ်ရေး ဥပဒေတစ်ရပ်ကို ဂျပန်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ထုတ်ပြန်ခဲ့ပြီးနောက် ယခုကဲ့သို့ အစိုးရဗဟိုပြု ကာကွယ်တားဆီးရေးဆိုင်ရာ ဆိုက်ဘာလုံခြုံရေး မဟာဗျူဟာအသစ်တစ်ရပ်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

ဆိုက်ဘာတိုက်ခိုက်မှု ဖြစ်စဉ်များကို မြန်ဆန်တိကျစွာ ဖော်ထုတ်နိုင်ရေး၊ စိစစ်နိုင်ရေးနှင့် ဆန်းစစ်နိုင်ရေးတို့အတွက် ဥပဒေအသစ်ပြ ဋ္ဌာန်းခဲ့ပြီးနောက် ဖွဲ့စည်းခဲ့သည့် အမျိုးသားဆိုက်ဘာ လုံခြုံရေးဌာနတွင် ဆိုက်ဘာတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ရရှိလာသည့် သတင်းအချက်အလက်များ အားလုံးကို စုစည်းသွားမည် ဖြစ်ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရေးနှင့် ဆိုက်ဘာလုံခြုံရေးနှင့်စပ်လျဉ်းသည့်စနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်းနှင့်လေ့ကျင့်မှုများပြုလုပ်ခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်သည်။

အစိုးရကောင်စီတွင် ပါဝင်သည့် အခြေခံအဆောက်အဦဆိုင်ရာ လုပ်ငန်းရှင်ကြီးများနှင့် သတင်းအချက်အလက်များ အပြန်အလှန်မျှဝေခြင်းဖြင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ မိတ်ဖက်နိုင်ငံများ၊သဘောထားတူညီသည့်နိုင်ငံများနှင့်လည်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source: သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## ဝယ်လိုအားမြင့်မားလျက်ရှိခြင်းကြောင့် ဂျပန်နိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းမှုမှာ ၁၀၄ ဆ မြင့်တက်ခဲ့

ဂျပန်နိုင်ငံ၌ ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်းကြောင့် အကောက်ခွန်ပေးဆောင်၍ တင်သွင်းရသော ပြည်ပမှ ဆန်များမှာ ယှဉ်ပြိုင်နိုင်စွမ်းမြင့်တက်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍမှ ဆန်တင်သွင်းမှုမှာ ၁၀၄ ဆ မြင့်တက်ခဲ့ကြောင်း ၂၆-၁၂-၂၀၂၅ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် "Japan's private-sector imports of rice surge 104-fold on high demand"ခေါင်းစဉ်ဖြင့်ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံ၌ ဆန်ဈေးနှုန်း မြင့်မားစေရေးအတွက် ဆန်ထုတ်လုပ်မှု လျှော့ချရေးကို အားပေးသည့် စိုက်ပျိုးရေးမူဝါဒကြောင့် ပြည်ပမှ ဈေးနှုန်းသက်သာသည့် ဆန် ဝယ်လိုအားလည်း မြင့်မားခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံအနေဖြင့် ဆန် ၉၂,၉၆၈ တန်ကို တင်သွင်းခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၅-၁၂-၂၀၂၅ ရက်နေ့ ထုတ်ပြန်ချက်အရ သိရှိရကြောင်းနှင့် ယခင်နှစ်အလားတူကာလတွင် ဂျပန်နိုင်ငံအနေဖြင့် ဆန် ၈၉၇ တန် တင်သွင်းခဲ့ကြောင်းဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းမှုမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် တန်ချိန် ၆၀၀ မှ ၈၀၀ အကြားရှိကြောင်း၊ သို့သော် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းမှုမှာ ၄ ဆနီးပါး မြင့်တက်ခဲ့ပြီး ၃,၀၁၁ တန်ရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ပုဂ္ဂလိက ကဏ္ဍမှ ဆန်တင်သွင်းမှုမှာ စံချိန်တင်မြင့်မားခဲ့ပြီး ၂၆,၃၉၇ တန်ရှိခဲ့ကြောင်းနှင့် နိုဝင်ဘာလတွင် ၂,၇၈၇ တန်ရှိခဲ့သည်။

ဂျပန်အစိုးရအနေဖြင့် နှစ်စဉ် ၁ နှစ်လျှင် ဆန်တန်ချိန် ၇၇၀,၀၀၀ ကို အကောက်ခွန် ကင်းလွတ်ခွင့်ပြုသည့် Minimum Access Quota အရ တင်သွင်းခွင့်ပြုလျက်ရှိကြောင်း၊ အဆိုပါ တန်ချိန်အနက် တန်ချိန် ၁ သိန်းကို ထမင်းအဖြစ် စားသုံးနိုင်ရန် တင်သွင်းခြင်းဖြစ်ကြောင်း၊ ဂျပန်အစိုးရက အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုသည့် ပမာဏထက် ကျော်လွန်၍ တင်သွင်းမှုအတွက် ဆန် ၁ ကီလိုဂရမ်လျှင် ၃၄၁ ယန်းနှုန်း ကောက်ခံလျက်ရှိကြောင်း၊ ထိုသို့ ကောက်ခံရခြင်းမှာ ပြည်ပမှ တင်သွင်းလာသည့် ဆန်များနှင့်နှိုင်းယှဉ်ပါက ပြည်တွင်းဆန်များ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေခြင်းဖြင့် ပြည်တွင်း၌ ဆန်စပါး စိုက်ပျိုးသည့်လယ်သမားများကိုအကာအကွယ်ပေးရန်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံမှ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလာသည့် ဆန်ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၄၁ ယန်းရှိကြောင်း၊ အကောက်ခွန် ပေးဆောင်၍ တင်သွင်းပါက ၁ ကီလိုဂရမ်လျှင် ၅၀၀ ယန်းအောက်ရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ဆန်ပြတ်လပ်မှုများ ဖြစ်ပွားခဲ့ပြီး၊ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် ၂၀၂၅ ခုနှစ်၊ မတ်လမှစတင်၍ ပြည်တွင်းဆန်ဈေးမှာ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၄,၀၀၀ ယန်းအထက် ရှိခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံရှိ စားသောက်ဆိုင်များအနေဖြင့်လည်း ပြည်ပမှ တင်သွင်းသည့်ဆန်များကို ပိုမို၍ ဝယ်ယူလာခဲ့ကြောင်း သိရသည်။

ဂျပန်စိုက်ပျိုးရေး သမဝါယမအနေဖြင့် ဂျပန်လယ်သမားများထံမှ ဆန်ကို ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိခြင်းကြောင့် ဆန်ဈေးနှုန်းမှာ ကာလတိုအတွင်း သိသိသာသာ ကျဆင်းနိုင်ခြင်း မရှိကြောင်း၊ ၂၀၂၅ ခုနှစ်၊ ရိတ်သိမ်းချိန်မှစ၍ နိုဝင်ဘာလအထိ

ကြိတ်ခွဲရခြင်း မရှိသေးသည့် ဆန် ၆၀ ကီလိုဂရမ်၏ ဈေးနှုန်းမှာ ၃၆,၈၀၃ ယန်းရှိကြောင်းနှင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ဆန်ထုတ်လုပ်မှုပမာဏ သတ်မှတ်ချက်ကို ဖျက်သိမ်းခဲ့သော်လည်း အခြားသော သီးနှံများကို စိုက်ပျိုးမှုအားပေးနိုင်ရေးအတွက် အစိုးရက ပံ့ပိုးမှုများ ပေးအပ်ခဲ့သည့်အတွက် ပြည်တွင်းဆန်ထုတ်လုပ်မှုမှာ ကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဆန်ဝယ်လိုအား ပေါ်မူတည်၍ စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက်ဥပဒေပြ ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source: သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## STOCK EXCHANGE (9.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Jan. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,506 (Shares) | 30,129,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 44 | 378,400 | 33,109,700 | 284,743 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 260 | 988,000 | 38,929,156 | 147,931 |
| MCB | 00003 | 7,700 | +200 | +2.67% | 7,700 | 7,700 | 7,700 | 233 | 1,794,100 | 10,400,992 | 80,088 |
| FPB | 00004 | 2,600 | +50 | +1.96% | 2,550 | 2,600 | 2,550 | 7,426 | 19,307,350 | 29,664,619 | 77,128 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,200 | 3,300 | 3,200 | 43 | 139,900 | 12,823,230 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 2,388 | 3,890,200 | 19,977,223 | 32,962 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 2 | 9,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 1,110 | 3,622,500 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.01 | +4.28 | +1.03% | 414.39 | 419.01 | 414.39 | 11,506 | 30,129,450 | 8 | 790,323 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 13,877 (Shares) | 37,853,900 (MMK) |

## Main Board

As of 1:00 pm, 9th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,506 (Shares) | 30,129,450 (MMK) |

| MYANPIX | 419.01 ▲ 4.28 |
|---|---|
| Total Volume (shares) | 11,506 |
| Total Value (MMK) | 30 mil |
| Listed Company | 8 |
| Market Cap. (MMK) | 790,323 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 200 |
| FPB | 00004 | 2,600 | ▲ 50 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 50 |

TIR